# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့အစီအစဉ်
# [ ၁၈–၁–၂၀၁၃ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသိန်းညွှန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **စေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ဂေါပကအဖွဲ့၏ သက်တမ်းကာလကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ပေးနိုင်ရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးခင်မောင်ဝင်း၊ သာယာဝတီ မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ စံရွေးကျေးရွာအုပ်စု၊ စံရွေးကျေးရွာအား မြစ်မခမြစ် ရေတိုက်စားမှုမှ ကာကွယ်ရန် မြစ်ကြောင်းဖြောင့် တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးအေးဖေ၊ ကိုကိုးကျွန်း မဲဆန္ဒနယ်၏ **ကိုကိုးကျွန်း–ရန်ကုန် သင်္ဘောခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ပြေးဆွဲပေးမည်နှင့် တစ်နှစ်လျှင်ပုံမှန်အခေါက်ရေမည်မျှပြေးဆွဲပေးမည်ကို သိလိုသည်** နှင့် စပ်လျဉ်း သည့်မေးခွန်း။

(ဃ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ် (ကိုယ်စား) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **ဘဏ်စည်းကမ်းအရ အာမခံ ချေးငွေချေးပေးရာတွင် ဒုက္ခရောက်နေချိန်မျိုး၊ အမှန်တကယ် ပိုင်ဆိုင်ခွင့်ရှိသော်လည်း သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးချိန် ကြာမြင့်နိုင်သည့် အခါမျိုးတွင် မည်သည့် နည်းလမ်းဖြင့် ငွေချေး ပေးနိုင်မည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်တွင် နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲရုံး အဆောက်အဦ ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ဝန်ထမ်းများ၏ ပင်စင်လစာငွေ ခံစားခွင့် ငွေပမာဏသည် တိုးမြှင့်လာပြီ ဖြစ်သည့်အတွက် တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်ခြင်းကို ခွင့်ပြုလျက်ရှိနေပါက ကျပ် (၅၀)ထက် မပိုစေရပါဟူသော ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ မည်သို့ နားလည် သွားရမည်ကို ရှင်းလင်းပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုင်းဘိုးအောင်၊ မူဆယ် မဲဆန္ဒနယ်၏ **ဂုတ်တွင်းကားလမ်းတွင် တောင်နှစ်လုံးဆက်သွယ်သည့် တံတားကြီးဆောက်လုပ်မည့် အစီအစဉ် ရှိ/မရှိ နှင့် ဆောက်လုပ်ရန် အစီအစဉ်ရှိပါက မည်သို့စီမံ ဆောင်ရွက်ထားသည်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **မယ်ဟန်–မိုင်းရယ်– ကျေးသီးလမ်း တစ်ဖက်(၃)ပေအကျယ် အမာခံလမ်းပုခုံး တိုးချဲ့ ဆောင်ရွက်ပေးနိုင်ပါရန်နှင့် တံတားအမှတ် (၃/၅၁) ရိနားလီ တံတားနှင့် တံတားအမှတ်(၁/၂၄) နမ့္မဘောလီတံတား တို့အား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ပါရန်** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး အမြန်လမ်းများတွင် ရပ်နား၊ စား/သောက်နေရာများ တိုးချဲ့ဆောက်လုပ်ရေးနှင့် (Road Sign) လမ်းဘေးသတိပေးဆိုင်းဘုတ်များ အင်္ဂလိပ်စာဖြင့် ရေးသားထားရေး** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးခင်မောင်မြင့်၊ ဇီးကုန်း မဲဆန္ဒနယ်၏ **ရန်ကုန်–ပြည် မော်တော်ကားလမ်းပိုင်းအား လိုအပ်ချက်အရ အလျင်အမြန် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **"တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၉။ **"တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။